KPSN

# ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်

၂၃ ဒီဇင်ဘာလ ၂၀၂၁

## ကရင်ပြည်နယ်ရှိ လေးကေကော်မြို့အပေါ် တပ်မတော်မှတိုက်ခိုက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေ ရသော ဒေသခံ ပြည်သူ ၁၀၀၀၀ ကျော်အတွက် လူသားချင်းစာနာမှု အကူအညီ နှင့် အကာအကွယ်များ အရေးပေါ် လိုအပ်လျက်ရှိနေ

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်မှ ကရင်ပြည်နယ်ရှိ လေးကေကော်မြို့အား တပ်မတော်မှတိုက်ခိုက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော ဒေသခံ ပြည်သူ ၁၀၀၀၀ ကျော်အတွက် အရေးပေါ်လူသားခြင်းစာနာမှု အကူအညီ နှင့် အကာအကွယ်များ ရရှိရန် တောင်းဆိုလိုက်သည်။ တိမ်းရှောင်နေရသော ရွာသားများ၏ ထက်ဝက်မှာ သောင်ရင်းမြစ်အား ဖြတ်ကူးပြီး ထိုင်းနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီဖြစ်သည်။။

မြဝတီမြို့တောင်ဘက်တွင်ရှိသော ကရင်အမျိုးသားအစည်းအရုံး၏ အုပ်ချုပ်မှုအောက်ရှိ လေးကေကော်မြို့အား စစ်တပ်မှ အင်အား ၂၀၀ ခန့်ဖြင့်စီးနင်းဝင်ရောက်ခဲ့ပြီး စစ်ကောင်စီမှ အာဏာသိမ်းသည့် ၂၀၂၁ ဖေဖေါ်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင် လာရောက်ခိုလှုံလျက်ရှိသော လွှတ်တော်အမတ်များနှင့် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများ အပါအဝင် လူပေါင်း ၂၀ကျော်အားဖမ်းဆီးပြီး နောက်တစ်ရက်ဖြစ်သော ၂၀၂၁ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် တိုက်ပွဲစတင်ဖြစ်ပွားခဲ့သည်။ ပြည်သူများအပေါ် မတရားဖမ်းဆီးခြင်း နှင့် ညှင်းပမ်းနှိပ်စက်ခြင်းမှ အကာအကွယ်ပေးရန် ကရင်အမျိုးအသား အစည်းအရုံး၏ လက်နက်ကိုင်တပ်ဖြစ်သော ကရင်မျိုးသားလွတ်မြောက်ရေးတပ်မတော်မှ ကြိုးစားလျက်ရှိသော်လည်း စစ်တပ်မှ လက်နက်ကြီး ၁၀၀ ကျော်ခန့်အား မြို့ နှင့် ၎င်းပတ်ဝန်းကျင်ရှိ ကျေးရွာများ အတွင်းသို့ ရမ်းသမ်းပစ်ခတ်ခဲ့သောကြောင့် အဆောက်အဦးပျက်စီးဆုံးရှုံးမှုများနှင့် ဒေသခံများ စိုးရိမ်ထိတ်လန့်စွာ ထွက်ပြေးတိမ်းရှောင်နေရသည်။ တိုက်ပွဲများမှာလည်း ယနေ့တိုင် ဖြစ်ပွားလျက်ရှိသည်။

ကရင်အမျိုးသားအစည်းအရုံး နှင့် စစ်တပ်အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ်အောက်တွင် ဂျပန်နိုင်ငံမှ နိပွန် ဖောင်ဒေးရှင်း၏ ငွေကြေးအထောက်အပံ့ဖြင့် လေးကော် မြို့သစ်အား ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ဤဒေသအတွင်း စစ်တပ်မှာ လေးကေကော်မြို့အတွင်းသို့ ဝင်ရောက်ခဲ့ပြီး ဒီမိုအရေစီအရေးတက်ကြွလှုပ်ရှားသူများအား စီးနင်းရှာဖွေခဲ့သော စက်တင်ဘာလ ၂၁ ရက်နေ့ကတည်းကပင် ကေအဲန်ယူနှင့် စစ်တပ်အကြားတင်မာမှုများ

မြင့်တက်နေခဲ့ပြီးဖြစ်သည်။ ၂၀၁၂ အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း ကရင်ပြည်နယ် ကေအဲန်ယူ တပ်မဟာ ၆ နယ်မြေအတွင်း စစ်တပ်၏ ပထမဆုံး ထိုးစစ်ဆင်မှုကြီးလည်းဖြစ်သည်။

လက်ရှိအချိန်တွင် လေးကော် နှင့် အနီးပတ်ဝန်းကျင်ရှိ ရွာပေါင်း ၈ ရွာမှ ရွာသားပေါင်း ၁၀၀၀၀ ကျော်မှာ စစ်ဘေးရှောင်နေရပြီဖြစ်သည်။ ကရင်ပြည်၏ နယ်စပ်အတွင်းပိုင်းတွင် ရွာသားပေါင်း ၅၀၀၀ ကျော်မှာ ပုန်းခိုနေရလျက်ရှိပြီး နောက်ထပ် ၅၀၀၀ ခန့်မှာ ထိုးစစ်ဆင်မှုများကြောင့် သောင်ရင်းမြစ်အား ဖြတ်သန်းပြီး ထိုင်းနိုင်ငံအတွင်းသို့ ဖြတ်ကျော် ခိုလှုံနေရပြီဖြစ်သည်။

စစ်တပ်မှ စစ်လက်နက်ကြီးများ နှင့် စစ်သားများကို အခြားသော နီးစပ်ရာ စစ်တိုင်းများဖြင့် အားဖြည့်လာလျက်ရှိပြီး တိုက်လေယဉ်များမှာ ဒေသအတွင်း ပျံသန်းလျက်ရှိရာ ဗုံးကြဲခံရမည်ကိုလည်း စိုးရိမ်မှုမြင့်တက်နေလျက်ရှိသည်။ စစ်တပ်မှ ထပ်မံထိုးစစ်ဆင်မည့် အစီအစဉ်များ မြင်တွေ့နေရပြီး ဒေသခံရွာသားများ၏ အသက်အန္တရာယ်မှာလည်း ခြိမ်းခြောက်ခံနေလျက်ရှိသည်။

ထို့ကြောင့် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်မှ ထိုင်းနိုင်ငံအစိုးရအား ဒုက္ခသည်သစ်များ နှင့် ဒေသခံဒုက္ခသည်များအပေါ် ခိုလှုံခွင့် နှင့် လူသားချင်းစာနာမှုအကူအညီပေးနေသော အဖွဲ့အစည်းများမှ အကူညီများကို လိုအပ်သည့်နေရာသို့ ပေးနိုင်ရန်အတွက် အထောက်ကူပြုပေးပါရန် အရေးပေါ် တောင်းဆိုလိုက်ရပါသည်။ ထို့အတူ နယ်စပ် အခြားတဘက်ရှိ ကရင်ပြည်နယ်အတွင်းကျန်ရှိနေသော စစ်ဘေးရှောင်များထံသို့ အကူအများပို့ဆောင်ရာတွင် ခွင့်ပြုပေးရန် ထပ်မံ တောင်းဆိုလိုက်ပါသည်။

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်မှ ကေအဲန်ယူ နှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး အလှူရှင်များ၏ တောင်းဆိုမှုများအပေါ် လစ်လျူရှုကာ အပစ်အခတ်ရပ်စဲရေးအားချိုးဖောက်ပြီး စစ်တပ်၏ ယခုအကြမ်းဖက် ထိုးစစ်ဆင်မှုအပေါ် ပြင်းပြင်းထန်ထန် ရှုံ့ချလိုက်သည်။ အဆိုပါ အလှူရှင်များမှ ကျိုးပျက်သွားပြီ ဖြစ်သော ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ထောက်ပံ့မှုများအား ဖြတ်တောက်ပစ်ပြီး ၎င်းအစား စစ်ဘေးရှောင်နေရသောပြည်သူများအပေါ် လိုအပ်သည့် အရေးပေါ် လူသားချင်းစာနာမှု အထောက်အကူပေးရန်ဖြစ်သည်။ စစ်ဘေးရှောင်များအတွက် အကူအညီများအား နယ်စပ်ဖြတ်ကျော်ပြီး တိုင်းရင်းသားအုပ်ချုပ်ရေးတာဝန်ခံများ နှင့် ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများ ထံသို့ အကူအညီများ ပို့ဆောင်ရာတွင် အန္တရာယ်ပေးလာနိုင်သည့် စစ်တပ်အား အကြောင်းကြားခြင်း (သို့) ပူးပေါင်းလုပ်ဆောင်ခြင်း မပြုလုပ်ပဲ ဆောင်ရွက်သင့်ကြောင်း ကြံပြုအတိုက်တွန်း လိုက်ပါသည်။

**စစ်တပ်အပေါ် နိုင်ငံတကာမှ ပိုမိုပြင်ထန်သော ဖိအားများပေးရန် အရေးပေါ် တောင်းဆိုပြီး ဖိတ်ဆို့မှုများ အလျှင်အမြန်လုပ်ဆောင်ရန် တောင်းဆိုရာတွင်**

၁။ ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှုပိတ်ပင်ရန် နှင့် လေယဉ်ဆီတင်ပို့မှုများအပေါ် ပိတ်ဆို့ရန်

၂။ သဘာဝဓာတ်ငွေ့မှရရှိသော ဝင်ငွေများအပါအဝင် စီးပွားရေးဆိုင်ရာပိတ်ဆို့မှုများအပေါ် ဦးတည်လုပ်ဆောင်ရန်

၃။ စစ်တပ်၏ တရားဝင်မှုအား လက်မခံရန် နှင့် လူသားချင်းစာနာမှု နှင့် ဖွံ့ဖြိုးရေးအထောက်အကူပြု လုပ်ငန်းများအား ၄င်းတို့နှင့် သဘောတူ လက်မှတ်ထိုးခြင်းများ မပြုလုပ်ရန်။

၄။ စစ်တပ်မှ ၄င်းတို့ကျူးလွန်သော ရာဇဝတ်မှုများအပေါ် တာဝန်ခံနိုင်ရန်တွက် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးတွင် အခြေအနေများ တင်သွင်း လုပ်ဆောင်ရန်။

**ဆက်သွယ်ရန်**

၁။ နော်ဂါးခူရှီး - (+ ၆၆ - ၈၆ ၁၁၈ ၂၂၆၁)

၂။ စောလေးကပေါ ( +၆၆ ၆၅ ၄၀၉ ၂၂၈၀။